
# ၂၀၂၄ ခုနှစ် မေလအတွင်း
# အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်း သည့်အချိန်မှစတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း လက်နက်တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အားနည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ ၃နှစ်ကျော်လာခဲ့သည်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စု လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက်ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှအသက်ဆုံးရှုံးနေရသည်။ ထို့ကြောင့် ယခုအချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများမှ သတင်းအချက်အလက်များကို စောင့်ကြည့်ကောက်ယူချက်များအား စုစည်းတင်ပြထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၁၄ | ၃ |
| မြေမြှုပ်မိုင်း | ၁ | ၇ |
| သတ်ဖြတ်ခံရမှု | ၈ | ၀ |
| လက်နက်ကြီး ပစ်ခတ်မှု | ၁၆ | ၁၂ |
| ဗုံးပေါက်ကွဲမှု | ၀ | ၅ |
| မုဒိမ်းပြုကျင့်ခံရမှု | ၂ | ၀ |
| အရေအတွက် စုစုပေါင်း | ၄၁ | ၂၇ |

မိမိတို့၏ သတင်းမီဒီယာများမှ စောင့်ကြည့်အချက်အလက်ကောက်ယူမှုများအရ ၂၀၂၄ခုနှစ် မေလ (၁)ရက်နေ့မှ (၂၇)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၄၁)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများနေထိုင်ရာအိမ်နှင့်ရပ်ရွာတွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၆)ဦး၊ လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၁၄)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှုကြောင်း (၈)ဦး၊ မြေမြှုပ်မိုင်းနင်းမိမှုကြောင့် (၂)ဦး၊ အကြမ်းဖက်စစ် အုပ်စုအပေါင်းအပါ ပျူစောထီး၏ မုဒိမ်းကျင့်သတ်ဖြတ်မှုကြောင့် (၁)ဦး နှင့် အရပ်သားပြည်သူမှ မုဒိမ်းကျင့်သတ်ဖြတ်မှုကြောင့် (၁)ဦး တို့ဖြစ်ကြသည်။ ထို့ပြင် အမျိုးသမီးပေါင်း (၂၇)ဦး ဒဏ်ရာ ရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၂)ဦး၊ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းမှဗုံးကြဲမှုကြောင့် (၃)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၇)ဦး၊ လက်ကျန်ဗုံးပေါက်ကွဲမှုကြောင့် (၅)ဦးတို့ဖြစ်ကြသည်။


- စစ်ကိုင်းတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- ရခိုင်ပြည်နယ်
- ရှမ်းပြည်နယ်
- မွန်ပြည်နယ်
- ကချင်ပြည်နယ်
- ချင်းပြည်နယ်
- ပဲခူးတိုင်းဒေသကြီး
- တနင်္သာရီတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- ကရင်ပြည်နယ်



ဒေသအလိုက် သေဆုံးသူပြ မြေပုံ

မြန်မာ့အမျိုးသမီး သမဂ္ဂ၏ အချက်အလက်ကာက်ယူမှုအရ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်းမှ (၉)ဦး၊ မကွေးတိုင်းမှ (၈)ဦးနှင့် ရခိုင်ပြည်နယ်မှ (၇)ဦးတို့ အသီးသီးဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် မေလအတွင်း အမျိုးသမီးအသက်ဆုံးရှုံးမှု အများဆုံးတိုင်းဒေသကြီးဖြစ်သည်။

## ၂၀၂၄ ခုနှစ် မေလအတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ




မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၁၀)ဦး တို့အား အကြမ်းဖက်စစ်အုပ်စုမှ အကြောင်းမဲ့ဖမ်းဆီးခြင်း (၉)ဦးနှင့် ကိုးကန့်တပ်ဖွဲ့ (MNDAA) မှ ဖမ်းဆီးခြင်း (၁)ဦး တို့ဖြစ်ကြသည်။ ၎င်းအမျိုးသမီးများမှ အကြမ်းမဖက်သည့် နည်းဖြင့် ဆန္ဒထုတ်ဖော်သည့် ရေဘဝဲအဖွဲ့ဝင် (၂)ဦး အား အကြမ်းဖက်ရိုက်နှက်ဖမ်း ဆီးခဲ့သည်ကိုတွေ့ရသည်။ အမျိုးသမီးဖမ်းဆီးခံရခြင်းအရေအတွက်သည် ယခုထက်များနိုင်သည်။ နိုင်ငံရေးအကျဉ်းသား များကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏အချက်အလက်အရ အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ်မေလ (၂၉)ရက်နေ့အတွင်း အမျိုးသမီး (၅၅၁၇) ဖမ်းဆီးခံရကြောင်းဖော်ပြထားသည်။

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org